# Myanmar Garment Manufacturers Association

# NEWSLETTER

**DECEMBER 2023, ISSUE**




## AFTEX 50th Council Meeting and 48th Plenary Session

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး AFTEX 50th Council Meeting and 48th Plenary Session ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇-၈-၉ ရက်များတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ကျင်းပပြုလုပ်ခဲ့သည်။

Chief delegates meeting နှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများပါဝင်သည့် chief delegates dinner ကို ဒီဇင်ဘာလ ၇ ရက်တွင် Emerald Room နှင့် Pearl Room တို့၌ပြုလုပ်ခဲ့သည်။

စာ - ၂ သို့ >>>>>>>>>>

## မြန်မာ့အထည်အလိပ် နှင့်စက်ယန္တယား ကုန်စည်ပြပွဲ ၂၀၂၃

မြန်မာ့အထည်အလိပ် နှင့် စက်ယန္တရား ကုန်စည်ပြပွဲ (၂၀၂၃) အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ - ၉ - ၁၀ ရက်များတွင် Inya Lake Hotel, Yangon Convention Center (YCC) ၌ ပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် တွင် ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပြီး အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ China Chamber of Commerce for Import and Export of Textile, မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံသံရုံးမှ သံအမတ်ကြီး ၊ တရုတ်နိုင်ငံ Zhejiang ပြည်နယ်မှ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၊ UMFCCI, CECCM,MGMA, CTGA, JGMA, KOGAM တို့မှ တာဝန်ရှိလူကြီးမင်းတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။




စာ - ၃ သို့ >>>>>>>>>>

# မာတိကာ

**Activities and News** **Page**


AFTEX 50th Council Meeting and 48th Plenary Session ........................................................ ၂-၃

မြန်မာ့အထည်အလိပ် နှင့်စက်ယန္တယား ကုန်စည်ပြပွဲ ၂၀၂၃ ........................................................ ၄-၈

MRGMA ၏ ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးသို့ အလုပ်အမှုဆောင်ရွေးကောက်ပွဲကော်မရှင်
အဖြစ် MGMA မှတက်ရောက်ခဲ့ ........................................................ ၁၁

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................ ၁၂

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း ........ ၁၃

Industrial Engineering Training (Batch – 78) ........................................................ ၁၄-၁၅

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၈) ၁၆

အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA) .................. ၁၇

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၃၀) ........................................................ ၁၈-၁၉


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | 5th MGMA's New Members' Orientation | January 19th | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch - 231) | TBA | MGHRDC |

## Membership Update


New Member in December 2023 ………………………………………………….. ၂၀

Membership update as of December 2023 ……………………………………….. ၂၀

# AFTEX $50^{th}$ Council Meeting and $48^{th}$ Plenary Session




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး AFTEX $50^{th}$ Council Meeting and $48^{th}$ Plenary Session ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇-၈-၉ ရက်များတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ကျင်းပပြုလုပ်ခဲ့သည်။

Chief delegates meeting နှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများပါဝင်သည့် chief delegates dinner ကို ဒီဇင်ဘာလ ၇ ရက်တွင် Emerald Room နှင့် Pearl Room တို့၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် AFTEX Emeritus Chairman, Mr.Phongsak Assakul မှအဖွင့်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ ဒု-ဥက္ကဋ္ဌ (AFTEX Myanmar) ဒေါက်တာအောင်ဝင်းမှ ကြိုဆိုနှုတ်ခွန်းဆက်အမှာ စကားပြောကြားခဲ့သည်။ ထို့နောက် AFTEX Chairman, Mr.Tan Kim Teck Albert မှ အစည်းအဝေး တရားဝင်စတင်ကြောင်းအမှာ စကားပြောကြားခဲ့ပြီး AFTEX delegation များထံမှ ပြီးခဲ့သည့် AFTEX အစည်းအဝေး မှတ်တမ်းများကို ဖတ်ကြားကာ အတည်ပြုချက်ရယူခဲ့သည်။

ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနိုင်ငံတို့မှ တာဝန်ရှိသူများမှ သက်ဆိုင်ရာနိုင်ငံအလိုက် Country Report များကို ရှင်းလင်းတင်ပြခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ထို့နောက် AFTEX Delegation များမှ ဒီဇင်ဘာလ ၉ ရက်တွင် Myanmar International Textile and Machinery Fair 2023 သို့သွားရောက်ကာ အာဆီယံနိုင်ငံများ၏ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၏ အနာဂတ် အလားအလာများ ခေါင်းစဉ်ဖြင့် Panel Discussion တွင်ပါဝင်ခဲ့ကြသည်။ Panel Discussion တွင် Deputy General of CNTAC မှ Mr.Zhang Tao မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး PSG AFTEX မှ Ms.Regina Leong မှ ဆွေးနွေးပွဲအား Moderator အဖြစ် ပါဝင်ခဲ့ကာ MGMA, JGMA နှင့် မလေးရှား၊ ကမ္ဘောဒီးယား နှင့်ထိုင်းနိုင်ငံတို့မှ AFTEX Delegates တို့မှ ပါဝင်ဆွေးနွေးခဲ့ကြသည်။


AFTEX
ASEAN Federation of Textile Industries
ASEAN FEDERATION OF TEXTILE INDUSTRIES

AFTEX
ASEAN Federation of Textile Industries

AFTEX
ASEAN Federation of Textile Industries
ASEAN FEDERATION OF TEXTILE INDUSTRIES











# မြန်မာ့အထည်အလိပ် နှင့်စက်ယန္တယား ကုန်စည်ပြပွဲ ၂၀၂၃



During Ribbon Cutting Ceremony

မြန်မာ့အထည်အလိပ် နှင့် စက်ယန္တရားကုန်စည်ပြပွဲ (၂၀၂၃) အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ - - ၉ - ၁၀ ရက်များတွင် Inya Lake Hotel, Yangon Convention Center (YCC) ၌ ပြုလုပ်ခဲ့သည်။


၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် တွင် ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပြီး အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ China Chamber of Commerce for Import and Export of Textile, မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံသံရုံးမှ သံအမတ်ကြီး၊ တရုတ်နိုင်ငံ Zhejiang ပြည်နယ်မှ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၊ UMFCCI, CECCM,MGMA, CTGA, JGMA, KOGAM တို့မှ တာဝန်ရှိလူကြီးမင်းတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး Commercial Counselor of Chinese Embassy မှ Mr.OuYang DaoBing မှကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းမှ အမှာစကားပြောကြားခဲ့ပြီး China Chamber of Commerce for Import and Export of Textiles ဥက္ကဋ္ဌ Mr.Cao Jia Chang က ပြပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့သည်။




ထို့ပြင် Mr.Wang ShuLi , Deputy Division Chief of Foreign trade development department of commerce of Zhejiang province မှကျေးဇူးတင်စကားပြောကြားခဲ့သည်။ တက်ရောက်လာသော တာဝန်ရှိသူများမှ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ပြပွဲအတွင်း လှည့်လှည်ကြည့်ရှုခဲ့ကြသည်။









H.E Minister, Yangon Region Government
U Soe Thein delivering opening speech



Deputy Minister - Ministry of Commerce
U Minn Minn giving speech






H.E Minister tour around the expo




Mr.Cao Jia Chang presenting the background of expo




Mr.Ouyang DaoBing giving welcome remarks




Mr. Wang Shu Li giving appreciation notes

ဒီဇင်ဘာလ ၉ ရက်တွင် " အာဆီယံနိုင်ငံများ၏ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၏ အနာဂတ်အလားအလာများ " ခေါင်းစဉ်ဖြင့် Panel Discussion ကို ပြုလုပ်ခဲ့ပြီး Deputy General of CNTAC မှ Mr.Zhang Tao မှ အဖွင့်အမှာ စကားပြောကြားခဲ့သည်။ PSG AFTEX မှ Ms.Regina Leong က ဆွေးနွေးပွဲအား Moderator အဖြစ် ပါဝင်ခဲ့ကာ MGMA, JGMA နှင့် မလေးရှား၊ ကမ္ဘောဒီးယား၊ထိုင်းနိုင်ငံတို့မှ AFTEX Delegates တို့မှ ပါဝင်ဆွေးနွေးခဲ့ကြသည်။



**Mr.Zhang Tao (Deputy General of CNTAC) giving opening remarks**




**" The future of the textile and apparel industry in ASEAN "**


**Panel Discussion**

















Fashion Show for International Brand




Fashion Show for International Brand



Fashion Show for SME Local Brand







Fashion Show for SME Local Brand





Business Matching

ဒီဇင်ဘာလ ၉ ရက် နေ့လယ်ပိုင်း Fashion Show အစီအစဉ်တွင် Exhibitor များ၏ ကုန်ပစ္စည်းအမှတ်တံဆိပ်အား မော်ဒယ်များမှ ဝတ်ဆင်ပြသခဲ့ကြပြီး MGMA အဖွဲ့ဝင်များနှင့် ပြည်တွင်း SME အမှတ်တံဆိပ်များလည်း ပါဝင်ပြသခဲ့ကြသည်။

ဒီဇင်ဘာလ ၁၀ ရက်တွင် Business Matching ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံမှ ပိတ်စထုတ်လုပ်သူများနှင့် MGMA Buyer Delegates တို့တွေ့ဆုံကာ မိမိလိုအပ်ချက်နှင့်ကိုက်ညီသည့် ပိတ်စ၊ Accessories နမူနာများကိုပြသခြင်း၊ ကြည့်ရှုခြင်းများ ပြုလုပ်ကာ ဆွေးနွေးခဲ့ကြသည်။ ပြပွဲသို့ လာရောက်သူများအနေဖြင့်လည်း သက်ဆိုင်ရာပြခန်းများမှ ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ဆက်သွယ်နိုင်မည့် အခွင့်အရေးများရရှိခဲ့ပြီး လုပ်ငန်းပိုင်းဆိုင်ရာများတွင်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်မှု များကို မြှင့်တင်နိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံ နှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများ၊ အလားအလာရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရေရှည်ပြုလုပ်နိုင်ရန်နှင့် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကာ မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲ ၂၀၂၃ အားကျင်းပ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ပြပွဲတွင် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံမှ အဝတ်အထည်၊ ပိတ်စ၊ ဖိနပ်၊ အိတ်၊ စက်ပစ္စည်းဆိုင်ရာ ပြခန်းပေါင်း ၁၀၀ ကျော် ဝင်ရောက်ပြသခဲ့ပြီး ပွဲသို့ လာရောက်သူဦးရေ တစ်ထောင်ကျော်ခန့်ရှိခဲ့သည်။





**Business Matching**






**Made In Myanmar Pavillion**







**Made In Myanmar Pavillion**

# Information of MGMA's New Annual Fees for 2024

Please be informed that MGMA will collect the new annual fees for year 2024 in order to sustainable development of MGMA services for our valuable members.

Since on 2008, MGMA is collected the members fees with MMK 50,000 in 15 years is remained unchanged for our members until 2023.

Regarding to this information, please feel free to contact to MGMA office 01-2300253, 01-2314829 (Ext: 14,12), 09-443399442.

| စဉ် | အကြောင်းအရာ | ယခင် နှုန်းထား (ကျပ်) | ယခု ပြောင်းလဲ ကောက်ခံမည့် နှုန်းထား (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | Foreign & Joint Venture Investment | ၅၀,၀၀၀ | ၃၀၀,၀၀၀ | Calendar Year အတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။ |
| ၂ | Myanmar Investment | ၅၀,၀၀၀ | ၁၀၀,၀၀၀ | |

# မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

## MYANMAR GARMENT MANUFACTURERS ASSOCIATION

UMFCCI - 9th Floor, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon

☎: 95-1-2300253, 95-1-2314829 Fax: 95-1-2314829 ✉: mgma@myanmargarments.org


စာအမှတ်။ ။ ၀၀၅/ အထခ /၂၀၂၃ ( ၁၂၅၁ )

ရက်စွဲ ။ ။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်

သို့

အသင်းဝင်စက်ရုံ/ကုမ္ပဏီများအားလုံး

အကြောင်းအရာ။ ။ **၂၀၂၄ခုနှစ်အတွက် နှစ်စဉ်ကြေးများပေးသွင်းကြပါရန် နှင့် နှစ်စဉ်ကြေး နှုန်းထားများ ပြောင်းလဲခြင်းအား အသိပေးအကြောင်းကြားခြင်း။**

၁။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းသည် အကျိုးအမြတ်ခွဲဝေခံစားသော အသင်းအဖွဲ့မျိုးမဟုတ်ပဲ အထည်ချုပ်လုပ်ငန်းရှင်အသင်းသားများ၏ အကျိုးကို ဆောင်ရွက်ပေးလျက်ရှိသော အသင်းဖြစ်ပြီး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးစင်တာ (Myanmar Garment Human Resource Development Center) သင်တန်းကျောင်းကို တည်ထောင်ပြီး သင်တန်းများကိုလည်း အခမဲ့သင်ကြားပေးလျက်ရှိပါ သည်။

၂။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အသင်းသားအဖြစ် ဆက်လက် ရပ်တည်ရေးမှာ နှစ်စဉ်ကြေးများ နှစ်စဉ် (မပျက်မကွက်) ပေးသွင်းမှုအပေါ်တွင်လည်း မူတည်နေကာ အသင်းအနေဖြင့် နှစ်စဉ်ကြေးများကို **၂၀၀၈ ခုနှစ် မှ ၂၀၂၃ ခုနှစ်အထိ တစ်နှစ်လျှင် ၅၀,၀၀၀/- (ငါးသောင်းကျပ် တိတိ) ဖြင့်သာ ပုံသေကောက်ခံခဲ့ပြီး တိုးမြှင့်ကောက်ခံခဲ့ခြင်းမရှိခဲ့ပါ။** ယခုအခါ ငွေကြေးနှုန်းထားများ ပြောင်းလဲမှုအရ ခေတ်နှင့်လျော်ညီသော အသင်းဝင်ကြေးများကို ကောက်ခံရန် အသင်း၏ ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင် (၉/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၂၄ ခုနှစ် မှစတင်၍ နှစ်စဉ်ကြေးများကို အောက်ပါ နှုန်းထားများအတိုင်း ပြောင်းလဲ ကောက်ခံသွားမည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | အကြောင်းအရာ | ယခင် နှုန်းထား (ကျပ်) | ယခု ပြောင်းလဲ ကောက်ခံမည့် နှုန်းထား (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | Foreign & Joint Venture Investment | ၅၀,၀၀၀ | ၃၀၀,၀၀၀ | Calendar Year အတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။ |
| ၂ | Myanmar Investment | ၅၀,၀၀၀ | ၁၀၀,၀၀၀ | |

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MYANMAR GARMENT MANUFACTURERS ASSOCIATION MGMA

အလုပ်အမှုဆောင်အဖွဲ့

မိတ္တူကို - ရုံးလက်ခံ

# MRGMA ၏ ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးသို့ အလုပ်အမှုဆောင်ရွေးကောက်ပွဲကော်မရှင် အဖြစ် MGMA မှတက်ရောက်ခဲ့



မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးကျင်ထွန်းနှင့် အကျိုးဆောင်စာရင်းစစ် ဦးသိန်းဖေဝင်း တို့ အလုပ်အမှုဆောင်ရွေးကောက်ပွဲ ကော်မရှင် အဖြစ်တက်ရောက်ခဲ့သည်။

အစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် တွင် Mandalay International Property Sale Gallery ၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းဝေးတွင် MGMA ၏တွဲဖက်အတွင်းရေးမှူး ဦးကျင်ထွန်း မှ အမှာစကားပြောကြားခဲ့ပြီး အကျိုးဆောင်စာရင်းစစ် ဦးသိန်းဖေဝင်း (MRGMA ရွေးကောက်ပွဲကြီးကြပ်ရေး ကော်မရှင် အဖွဲ့ဝင်) မှ မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ၂၀၂၃-၂၀၂၆ ခုနှစ်ထိ တာဝန်ယူဆောင်ရွက်ကြမည့် ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင်များ၏ အမည်စာရင်းများအားဖတ်ကြားကြေငြာပေးခဲ့သည်။










# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ ဖေဖော်ဝါရီလတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင်ကျင်းပပြုလုပ်မည့် BHARAT TEX 2024 သို့တက်ရောက်ရန် ကိစ္စရပ်များ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ ဧပြီလများတွင် MGMA မှပြုလုပ်မည့် အခမ်းအနားများ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည့် China-Myanmar Garment Expo နှင့် AFTEX 50th Council Meeting and 48th Plenary Session တို့အတွက် သုံးသပ်ချက်များ၊ ၂၀၂၄ ခုနှစ် ၌ ထိုင်းနိုင်ငံတွင်ပြုလုပ်မည့် AFTEX Meetingနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် AFTEX Meeting နှင့် ပတ်သက်သည့်ကြိုတင်ညှိနှိုင်းအစည်းအဝေး ဆိုင်ရာ ကိစ္စရပ်များနှင့် အစီအစဉ်အဆိုပြုခြင်းဆိုင်ရာကိစ္စရပ်များ၊ စက်သုံးဆီဝယ်ယူခြင်းနှင့် ပတ်သက်၍ UMFCCI သို့ Export Earning ရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဒုဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။





## မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) မှ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉၊ ၁၀၊ ၁၇၊ ၁၈ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အထည်ချုပ်စက်ရုံများမှ Operator Level ဝန်ထမ်း (၄၆) ယောက် အား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများကိုပြုလုပ်ပေးခြင်းဖြစ်သည်။




Accessor Team and Operator Workers Group Photo



Refresher and Familiarization Day



Accessor Team



Refresher and Familiarization Day





Assessment Day

# Industrial Engineering Training (Batch – 78)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများ အတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၇၈) ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်နေ့ထိ မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Batch – 78 Group Photo

သင်တန်းအား MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်မိုး မှ အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းအား စတင်ခဲ့သည်။ သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင်စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့် အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့် သင်ကြားပေးခဲ့သည်။ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းကို Quality Apparel Co.,Ltd တွင် သုံးရက်ကြာလေ့လာခဲ့ပြီး စက်ရုံမှရရှိလာသောအချက်အလက်များကို အဖွဲ့နှစ်ဖွဲ့ခွဲကာ အဖွဲ့လိုက်တင်ပြမှုများပြန်လည် ပြုလုပ်ခဲ့သည်။

သင်တန်းသို့ MGMA အသင်းဝင်စက်ရုံမှ သင်တန်းသား (၂၃) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။



EC of MGMA Daw Yin Yin Moe
gave opening remarks



Trainers from MGHRC gave IE Methods



Group Presentation



Group Presentation



Factory Visit



Factory Visit



Awarding Certificates



Awarding Certificates

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၈)



Batch – 28 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၈) ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် တွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Senior Labor Officer of MGMA presenting Labor Law Awareness



Q & A and Discussion Session

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၉) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၁၈) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ်ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။

# အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အသင်းဝင်စက်ရုံ (၃) ရုံအားသွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါစက်ရုံ များမှာ Wonderful Apparel Co.,Ltd, J-Land Myanmar Co.,Ltd နှင့် Shaungxi (Myanmar) Garment Co.,Ltd. တို့ဖြစ်သည်။ Wonderful Apparel Co.,Ltd သို့ ဒီဇင်ဘာလ ၁၂ ရက်တွင်လည်းကောင်း J-Land Myanmar Co.,Ltd သို့ ဒီဇင်ဘာလ ၂၁ ရက်တွင်လည်းကောင်း၊ Shaungxi (Myanmar) Garment Co.,Ltd သို့ ဒီဇင်ဘာလ ၂၂ ရက်တွင်လည်းကောင်း MGMA ၏ Senior Labour Officer မှသွားရောက်ကာ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။

Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



J-Land Myanmar Co.,Ltd



Shaungxi (Myanmar) Garment Co.,Ltd



Wonderful Apparel Co.,Ltd

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၃၀)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၃၀) ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်မှ ၂၉ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



EC of MGMA Daw Yin Yin Moe gave opening remarks

သင်တန်းအား MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်မိုး မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းဆင်းပွဲတွင် MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန် မှ သင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်စကားပြောကြားခဲ့ပြီး ရွာမ GTHS ကျောင်းမှ ကျောင်းအုပ်ကြီး ဦးဇေယျာအောင် မှ သင်တန်းသား (၁၁) ယောက်အား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။



Group Photo



Trainers from MGHRC gave sewing methods



MGMA conducting the awareness of labour law






Trainers from MGHRC gave sewing methods





Trainers from MGHRC gave sewing methods





Awarding Certificates

# UPCOMING ACTIVITIES

| . | Description | Date & Time | Venue |
|---|---|---|---|
| 1. | 5th MGMA's New Members' Orientation | January 19th | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch - 231) | TBA | MGHRDC |

# MEMBERSHIP UPDATE

New Members in December 2023

| **Country** | **No. of New Member Factories** |
|---|---|
| China | 1 |
| MC | 1 |
| Total | 2 |

Membership Update as of December 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 59 |
| | China | 306 |
| | Korea | 54 |
| | Japan | 19 |
| | Others | 18 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 43 |
| Total (Active) | | 528 |
| Closed, Non - Active | | 298 |
| Grand Total | | 826 |